ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

ရုံးအမိန့်

အမှတ်။ ၁၂ ။ ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်

အကြောင်းအရာ။ **ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း၂၀၁၅ ခုနှစ် စာမေးပွဲအချိန်စာရင်း ထုတ်ပြန်ခြင်း**

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းစာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်စာစစ်ဌာန (ရုံးအမှတ် - ၁၂၊ နေပြည်တော်)နှင့် ရန်ကုန် သင်တန်းကျောင်းစာစစ်ဌာန (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့) တို့တွင် အောက်ပါအချိန်ဇယားအတိုင်း တစ်ပြိုင်တည်းကျင်းပပါမည်-

| နေ့ရက် | အချိန် | ဘာသာရပ် |
|---|---|---|
| ၅-၁-၂၀၁၅ တနင်္လာနေ့ | ၁၂:၀၀ နာရီမှ ၁၅:၀၀နာရီထိ | ဘောဂဗေဒ |
| ၆-၁-၂၀၁၅ အင်္ဂါနေ့ | ၁၂:၀၀ နာရီမှ ၁၅:၀၀နာရီထိ | စာရင်းရေးစာရင်းကိုင် |
| ၇-၁-၂၀၁၅ ဗုဒ္ဓဟူးနေ့ | ၁၂:၀၀ နာရီမှ ၁၅:၀၀နာရီထိ | စီးပွားသင်္ချာနှင့်စာရင်းအင်း |
| ၈-၁-၂၀၁၅ ကြာသပတေးနေ့ | ၁၂:၀၀ နာရီမှ ၁၅:၀၀နာရီထိ | ကူးသန်းရောင်းဝယ်မှုဗဟုသုတ |
| ၉-၁-၂၀၁၅ သောကြာနေ့ | ၁၂:၀၀ နာရီမှ ၁၅:၀၀နာရီထိ | စီးပွားရေးဥပဒေ |

၂။ ဖြေဆိုခွင့်လျှောက်လွှာကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဝယ်ယူ၍ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့အတွင်း ရုံးဖွင့်ရက်များ၌ (၁၀း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း) စာမေးပွဲကြေးကျပ် ၃,၀၀၀၊ လျှောက်လွှာကြေးကျပ် ၁၀၀၊ စုစုပေါင်းကျပ် ၃,၁၀၀ ပေးသွင်းပြီး ယင်းငွေရပြေစာမူရင်း၊ လိုင်စင်ဓါတ်ပုံ (၃) ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ) ပြသ၍ ဖြေဆိုသူကိုယ်တိုင် သက်ဆိုင်ရာစာစစ်ဌာနတွင် လျှောက်လွှာတင်သွင်းရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များသာလျှင် လျှောက်ထားရပါမည် -

(က) ဖွင့်လှစ်ဆဲ သင်တန်းတက်ရောက်သူများဖြစ်ပါက သင်တန်းကာလအတွင်း ဘာသာရပ်အားလုံး၌ ကျောင်းခေါ်ချိန် ၆၀% ပြည့်မီသူများ။

(ခ) ယခင်စာမေးပွဲများတွင် ကျရှုံးခဲ့သူများ (ယခင်ဖြေဆိုခဲ့သည့် အထောက်အထား တင်ပြရမည်)။

၄။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနအသီးသီးတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးပါမည်။ စာမေးပွဲစတင်ဖြေဆိုသည့်နေ့တွင် လုံးဝထုတ်ပေးမည် မဟုတ်ပါ။

၅။ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

အမိန့်အရ

ကြည်ဝင်း
ညွှန်ကြားရေးမှူး

စာအမှတ်၊ မစက/ ၄၁၃/( ၅၈၁ /၂၀၁၄) ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ( ၁၁ ) ရက်

ဖြန့်ဝေခြင်း
ကျော်ငြာသင်ပုန်း(နေပြည်တော်သင်တန်းကျောင်း/ရန်ကုန်သင်တန်းကျောင်း)
မိတ္တူ
ရုံးလက်ခံ
မျှော